**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လကုန်တွင် မြန်မာနိုင်ငံ အကျဉ်းထောင်များ အတွင်း နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၈၃ ဦး အကျဉ်းကျခံနေရသည်။ တက်ကြွလှုပ်ရှားသူ ၂၈၂ ဦးသည် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရ ပြီး ထိုထဲမှ ၃၅ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရသည်။

# ဇူလိုင်လ ၂၀၁၆ ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ

- တစ်လအတွင်း သုံးသပ်ချက်
- မတရား ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- မြေယာသိမ်းဆည်းမှုများ
- လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

ယခုလတွင် ထွန်တုံးတိုက်ပွဲဝင်ခဲ့ခြင်းအတွက် လယ်သမား ၁၀၅ ဦး ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းအပါအဝင် တက်ကြွလှုပ်ရှားသူ ၁၂၉ ဦး ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ နိုင်ငံရေးအကျဉ်းသား လေးဦး ထောင်မှ လွတ်မြောက်လာခဲ့ပြီး အထက်တွင် ဖော်ပြခဲ့သော လယ်သမားများအပါအဝင် ၁၁၀ ဦးသည် ဒဏ်ငွေပေးဆောင်ခြင်း သို့မဟုတ် အမှုရုပ်သိမ်းခြင်းတို့ကြောင့် ၎င်းတို့၏ အမှုများ ပြီးဆုံးခဲ့သည်။ ယခုလတွင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ တစ်ဦး ဖမ်းဆီးခံခဲ့ရပြီး နိုင်ငံရေးအကျဉ်းသား နှစ်ဦးမှာ ကျန်းမာရေး ဆိုးရွားလျက်ရှိကြောင်း သိရှိရသည်။ လယ်သမား ၁၃၁ ဦးသည် ပိုင်နက်ကျူးလွန်ခြင်းအတွက် တရားစွဲဆိုခံခဲ့ရသည်။

ယခုလတွင် ဖိနှိပ်ထားသော ဥပဒေများဖြင့် တက်ကြွလှုပ်ရှားသူများ၊ လယ်သမားများနှင့် တိုင်းရင်းသားများကို ဆက်လက် ပြစ်ဒဏ်ချမှတ်လျက်ရှိသည်။ လယ်သမားအရေးလှုပ်ရှားသူများနှင့် လယ်သမားများသည် အငြင်းပွားဖွယ် လယ်ယာမြေအရေးနှင့် ပတ်သက်ပြီး အာဏာပိုင်များကို ဆက်လက် ဆန့်ကျင် တိုက်ပွဲဝင်လျက်ရှိသည်။ ထို အကျိုးဆက်အနေဖြင့် ၎င်းတို့သည် ပိုင်နက်ကျူးလွန်မှု ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ စစ်ကိုင်း အလုပ်သမားသပိတ်တွင် ပါဝင်ခဲ့သောကြောင့် ယခုလက်ရှိတွင် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရသော အလုပ်သမားနှင့် ကျောင်းသား ၁၅ ဦးတို့သည် တရားရုံးအားမထီမဲ့မြင်ပြုခြင်းအတွက် ဇူလိုင်လ ၁၃ ရက်နေ့တွင် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ၎င်းတို့သည် လုံလောက်သော တရားဥပဒေစောင့်ရှောက်မှု မရရှိဟု ခံစားခဲ့ရသောကြောင့် ဇူလိုင်လ ၂၇ ရက်နေ့ ၎င်းတို့၏ ငါးကြိမ်မြောက် ရုံးချိန်းကိုလည်း သပိတ်မှောက်ခဲ့သည်။

မတရားအသင်း အက်ဥပဒေကို လက်နက်သဖွယ် ဆက်လက် အသုံးပြု၍ အသိအမှတ်ပြုထားခြင်းမရှိသော အဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များတွင် ပါဝင်သည်ဟု စွဲစွပ်ကာ အရပ်သားများကို ဖမ်းဆီး၊ ထိန်းသိမ်း၊ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယခုလတွင် အမျိုးသားသုံးဦးသည် ရက္ခိုင့်တပ်မတော် (AA)နှင့် ဆက်သွယ်ခြင်းအတွက် မတရားအသင်းအက်ဥပဒေ ၁၇(၁)ဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ထိုအမျိုးသား သုံးဦးထဲမှ နှစ်ဦးသည် အလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးနှစ်ချမှတ်ခံခဲ့ရပြီး ကျန်အမျိုးသားတစ်ဦးသည် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်ချမှတ်ခံခဲ့ရသည်။ ထိုမျှသာမက တိုင်းရင်းသား ဒေသများတွင်လည်း စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ အရပ်သားများကို မတရားဖမ်းဆီးမှုများ ဆက် လက်ရှိနေသည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် တအောင်းလူမျိုး တစ်ရာကျော်သည် ဖမ်းဆီးခံခဲ့ရသည်ဟု ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး /တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် (PSLF/TNLA) မှ သတင်းထုတ်ပြန်ခဲ့သည်။

မီဒီယာ၊ လူ့အဖွဲ့အစည်း လွပ်လပ်မှုနှင့် နိုင်ငံရေးဆိုင်ရာ လွတ်လပ်ခွင့်တို့ကို ကန့်သတ်ထားမှုများ ယခုလတွင်လည်း ဆက်လက်ရှိနေသည်။ ဇူလိုင်လ ၂၅ ရက်နေ့တွင် ရခိုင် လွတ်မြောက်ရေးပါတီ၏ ဒုတိယ ပြန်ကြားရေး တာဝန်ခံဟောင်း ကိုခိုင်မျိုးထွန်းသည် ဖမ်းဆီးခံခဲ့ရသည်။ သူသည် ရခိုင်ပြည်နယ်တွင်း စစ်တပ်မှ လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်းကို အစီရင်ခံစာထုတ်ပြန်ခဲ့ခြင်းအတွက် နိုင်ငံတော် အကြည်အညိုပျက်စေမှု၊ သွေးထိုးလှုံ့ဆော်မှု ရာဇသတ်ကြီး ပုဒ်မ ၅၀၅/ခ၊ ၅၀၅/ဂ တို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။

ဒုပိုလ်မှူးကြီးတစ်ဦးမှ လယ်ယာမြေသိမ်းဆည်းခဲ့သည်ဟု ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် သတင်းအမှား ၆ ရေးသားဖော်ပြခဲ့ခြင်းအတွက် သတင်းထောက်နှစ်ဦးနှင့် လယ်သမားတစ်ဦးတို့သည် ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။ ထိုမျှသာမက အာဏာပိုင်များမှ နိုင်ငံရေးဆိုင်ရာ ညီလာခံများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခွင့် တားမြစ်ခဲ့သည်။ ၆ ဒေသခံများအား ဒေသဆိုင်ရာ မြေယာမူဝါဒ ရှင်းလင်းရန်နှင့် လယ်ယာမြေအခွင့်အရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုပြုလုပ်နိုင်ရန်အတွက် အသိပညာပေးမှု မြှင့်တင်ရန် ရည်ရွယ်ခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး (KNU)၏ အလုပ်ရုံ ဆွေးနွေးပွဲအား ပြည်နယ်အစိုးရမှ ပိတ်ပင်ခဲ့သည်။ ထို့ပြင် မည်သည့် အကြောင်းပြချက်မျှ မရှိပဲ အစိုးရမှ ချင်းပြည်နယ်တော င်ပိုင်းညီလာခံအား ပိတ်ပင်ခဲ့သည်။ ထိုညီလာခံသည် ချင်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်လေးမြို့နယ်ကြား ချင်းတိုင်းရင်းသားရေး ရာ ကိစ္စရပ်များကို ပူးပေါင်း ဆောင်ရွက်နိုင် ရန် ရည်ရွယ်ခဲ့သည်။

ဇူလိုင်လတွင် လူ့အခွင့်အရေးအခြေအနေများထဲမှ တစ်ချို့ တိုးတက်မှုအချို့ရှိလာသည်ကို မြင်တွေ့နိုင်သည်။ ယခုလအစောပိုင်းတွင် ရွှေဝါရောင် တော်လှန်ရေး၏ ဦးဆောင်သူတစ်ဦးဖြစ်ခဲ့သူ ဦးဂမ္ဘီရ ခေါ် ဦးညီညီလွင်သည် ထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ရက်တစ်ရာ စီမံကိန်း တစ်စိတ်တစ်ပိုင်း အဖြစ် အမည်ပျက်စာရင်းသွင်းထားသူ လူဦးရေ ခြောက်ရာ (မြန်မာလူမျိုး နှစ်ရာကျော်နှင့် နိုင်ငံခြားသား သုံးရာကျော် ) တို့အား အမည်ပျက်စာရင်းမှ ဖယ်ရှားပေးခဲ့သည်။ ဇွန်လ ၂၅ ရက်နေ့တွင် ရှမ်း ပြည်နယ်၊ မုန်းယောကျေးရွာ အနီးတွင် ဖြစ်ပွားခဲ့သော ရွာသား ခုနှစ်ဦး အသတ်ခံရ ခြင်းနှင့် ပတ်သက်၍ ငါးဦးအတွက် တာဝန်ရှိကြောင်း စစ်တပ်မှ ပြောကြားခဲ့သည်။ ထို့ပြင် ထိန်းသိမ်းခံထားရသော တရားခံများကို စစ်ခုံရုံးတင်၍ စစ်ဆေးရန် ရည်ရွယ်ကြောင်းလည်း ထုတ်ပြန်ကြေငြာခဲ့သည်။

# မတရား ထိန်းသိမ်းခံရခြင်းများ

**မဒီးယားနာပရာရွာမှ ရွာသားတစ်ဦးအား နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ဖမ်းဆီး**

ဇူလိုင်လ ၁၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မဒီးယားနာပရာရွာမှ ဒေသခံအမျိုးသမီးတစ်ဦးအား နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များမှ ဖမ်းဆီးခဲ့ပြီး ၎င်းတို့ စခန်းရှိရာသို့ ခေါ်ဆော င်သွားခဲ့သည်။ ၎င်းတို့သည် မူလက သူမခင်ပွန်း၏ အစ်ကိုဖြစ်သူ ဟာစင်အား ဖမ်းဆီးရန် ရည်ရွယ်ခဲ့သော်လည်း ထိုအချိန်တွင် ဟာစင်သည် အိမ်တွင်မရှိခဲ့၍ သူမအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့မှ ခြံဝန်းအတွင်းတွင် တွေ့ရှိသော သစ်များကိုလည်း သိမ်းဆည်းခဲ့သည်။ သူမအား သုံးနာရီကြာ ထိန်းသိမ်းထားခဲ့ပြီးနောက် ဟာစင်အား နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းရှိရာသို့ သုံးရက်အတွင်း လာရန်ပြောကြားခဲ့ကာ ပြန်လွှတ်ပေးခဲ့သည်။ ယခုလက်ရှိတွင် ဟာစင်သည် ပုန်းအောင်းလျက်ရှိသည်။ သူ့အား မည်သည့်အတွက်ကြောင့် ဖမ်းဆီးသည်ကို မသိရှိရပါ။

[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ BNI]

**နိုင်ငံတော် အကြည်အညိုပျက်စေမှုနှင့် သွေးထိုး လှုံ့ဆော်မှုအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်းအား ဖမ်းဆီး**

ဇူလိုင်လ ၂၅ ရက်နေ့တွင် ရက္ခိုင့်လွတ်မြောက်ရေးပါတီ (ALP) ၏ ဒုတိယ ပြန်ကြားရေးတာဝန်ခံပဟောင်း ကိုခိုင်မျိုးထွန်းကို နိုင်ငံတော် အကြည်အညိုပျက်စေမှုနှင့် မမှန်မကန် သွေးထိုးလှုံ့ဆော်မှုအတွက် ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) နှင့် ၅၀၅(ဂ) တို့ဖြင့် ဖမ်းဆီးခဲ့သည်။ တရားရုံးမှ သူ့အား စစ်ဆေးရန် အကြိမ်ကြိမ်ဆင့်ခေါ်ခဲ့သော်လည်း လာရောက်ရန်ပျက်ကွက်ခဲ့သဖြင့် ဖမ်းဝရမ်းထုတ်ကာ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ယခုလက်ရှိတွင် သူသည် စစ်တွေထောင်၌ ထိန်းသိမ်းခံထားရပြီး ဇူလိုင်လ ၂၇ ရက်နေ့တွင် စစ်တွေမြို့နယ် တရားရုံး၌ ရုံးချိန်း တက်ရောက်ခဲ့သည်။

ဧပြီလ ၂၄ ရက်နေ့တွင် ALP မှထုတ်ပြန်သော ကြေငြာချက်ထဲ၌ တပ်မတော် နှင့် ရက္ခိုင့်တပ်မတော် (AA)တို့ တိုက်ပွဲများဖြစ်ပွားနေချိန်တွင်း တပ်မတော်မှ ဒေသခံများအား အဓမ္မ လုပ်အားပေး ခိုင်းစေခဲ့ပြီး နှိပ်စက်ညှဥ်းပန်းခဲ့ကြောင်း ဖော်ပြခဲ့သည်။ ထိုကြေငြာချက်နှင့် ပတ်သက်၍ ဧပြီလ ၂၇ ရက်နေ့တွင် နယ်စပ်ရေးရာနှင့် လုံခြုံရေး ဝန်ကြီးဗိုလ်မှူးကြီး ထိန်လင်းမှ ကိုခိုင်မျိုးထွန်းအပါအဝင် ALP တာဝန်ရှိသူများကို ခေါ်ယူတွေ့ဆုံခဲ့ပြီး ေ ကြညာချက်ထဲတွင်ပါရှိသော အချက်အလက်များသည် ခိုင်လုံမှုမရှိပါကဖမ်းဆီးတရားစွဲဆိုမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ ကြောင့် မေလ ၁ ရက်နေ့ တွင် ALP မှ ရခိုင်ပြည်နယ်တွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရသော အထောက်အထားများကို ဗိုလ်မှူးကြီး ထိန်လင်းထံသို့ ပေးပို့ခဲ့သည်။ သို့သော်လည်း မေလ ၅ ရက်နေ့တွင် ဒုတိယ ဗိုလ်ချုပ်ကြီး တင်နိုင်ထွန်းမှ စစ်တွေမြို့နယ် တရားရုံးတွင် ဦးတိုက် လျှောက်ထားကာ သူ့အား တရားစွဲဆိုခဲ့သည်။

ALP သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် အပစ်အခတ် ရပ်စဲရေး စာချုပ်အား လက်မှတ်ရေးထိုးခဲ့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များထဲမှ တစ်ဖွဲ့ဖြစ်သည်။

[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၂၅ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၂၆ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ BNI/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ အီလဲဗင်း]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ ဒီဗွီဘီ]
[၂၀၁၆ ခုနှစ်၊ ၂၈ ရက်၊ ဧရာဝတီ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ BNI]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ နိရဉ္စရာ]
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ BNI/မြန်မာ]

**ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) မှ တအောင်းလူမျိုး တစ်ရာကျော်အား ဖမ်းဆီး**

ဇူလိုင်လ ၂၆ ရက်နေ့တွင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ /ရှမ်းပြည် တပ်မတော်(RCSS/SSA) မှ တအောင်းလူမျိုး တစ်ရာကျော်အား ဖမ်းဆီးခဲ့သည်ဟု ပလောင်ပြည်နယ် လွတ်မြောက်ေ ရး တပ်ဦး /တအောင်း လွတ် မြောက်ရေး တပ်မတော် (PSLF/TNLA)မှ သတင်းထုတ်ပြန်ခဲ့သည်။ အမျိုးသမီး နှင့် ကလေးများကို ချက်ချင်း ပြန်လွှတ်ပေးခဲ့သော်လည်း အမျိုးသား ၃၀ ကျော် ကိုမူ ဆက်လက် ထိန်းသိမ်းထားဆဲဖြစ်သည်။ ဇွန်လ ၂၆ ရက် နေ့သည် နမ္မတူမြို့နယ်ရှိ မန်စံကျေးရွာ ဈေးနေ့ဖြ စ်သောကြောင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံအများအပြား ဈေးသွားခဲ့ကြသည်။ ထိုဒေသခံများ ထဲတွင် တအောင်းလူမျိုး များလည်း ပါဝင်ခဲ့သည်။ ၎င်းတို့ အိမ်အပြန်လမ်းတွင် RCSS/SSA စစ်သားများမှ တအောင်းလူမျိုးမှန်သမျှကို ပိတ်ဆို့စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာတွင် RCSS/SSA မှ မူးယစ်ဆေးဝါးရှာဖွေသည်ဟု အကြောင်းပြသော်လည်း ကျန်လူမျိုးများကို မစစ်ဆေးပဲ တအောင်းလူမျိုးများကိုသာ ရွေးချယ် စစ်ဆေးခဲ့သည်။
[၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

# ထောင်ဒဏ်ချမှတ်ခံရခြင်းများ

### ထွန်တုံးတိုက်ပွဲဝင်ခဲ့သော လယ်သမားများအား ဒဏ်ငွေချမှတ်

မတ္တရာမြို့နယ်တွင်းရှိ သိမ်းဆည်းခံထားရသော လယ်ယာမြေများ ပြန်လည်ရရှိရန် ၂၀၁၃ ခုနှစ်၊ မတ်လတွင် ထွန်တုံးတိုက်ပွဲဝင်ခဲ့ခြင်း အတွက် ဇူလိုင်လ ၈ ရက်နေ့တွင် မတ္တရာမြို့နယ်တရားရုံးမှ လယ်သမား ၁၀၅ ဦးအား ဒဏ်ငွေ ၄၀၀၀ ကျပ်စီ ချမှတ်ခဲ့သည်။ ၎င်းတို့ကို ရာဇသတ်ကြီးပုဒ်မ ၁၄၅ အတွက် ဒဏ်ငွေ ၅၀၀ ကျပ်၊ ပုဒ်မ ၄၄၇ အတွက် ဒဏ်ငွေ ၅၀၀ ကျပ်၊ ပုဒ်မ ၄၂၇ အတွက် ဒဏ်ငွေ ၃၀၀၀ ကျပ်စီ အသီးသီးပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ လယ်သမား များမှ အစိုးရအား ထိုလယ်ယာမြေများ ကို ပြန်လည် မပေးအပ်မီ ၎င်းတို့အား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေးရန် တောင်းဆို ခဲ့ကြသည်။ အမိန့်ချမှတ်ပြီးနောက်လယ်သမားများနှင့် ၎င်းတို့၏ ရှေ့နေများမှ ဒဏ်ငွေချမှတ်ပေးခဲ့သည့် တရားသူကြီးအား ကျေးဇူးတင် ကြောင်း ပြောကြားခဲ့ကြသည်။

မတ္တရာမြို့နယ်တွင်းရှိ ရေနံ့သာ၊ ကျောက်စရစ်မြောက်၊ ကျောက် စရစ်တောင်၊ မွေးရွှေခဲ၊တမာကုန်း၊ စကျင်ကျောက်၊လင့်စဉ်ကုန်း စသည့်ကျေးရွာများမှ လယ်ယာမြေများကို ယခင်အစိုးရ လက် အောက်ရှိ ဝန်ကြီးဌာနများဖြစ်သော သမဂါယမဝန်ကြီးဌာန၊ စက်မှု ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနတို့မှ သိမ်းယူခဲ့သည်။ အစိုးရသစ်တက်ပြီး ပထမဆုံး မြေယာစွန့်လွှတ်မှု အဖြစ်မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာရှိ လယ်ယာမြေ ၁၃၂၉ ဧက ကိုပြည်ထောင်စု အစိုးရ၏ အမိန့်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ တောင်သူလယ်သမားထံ ပြန်လည်ပေးအပ်ခဲ့ သည်။ သိမ်းဆည်းခံ လယ်ယာမြေများနှင့် တစ်ခြားမြေများ ပြန်လည်စိစစ်ရေး ဗဟိုကော် မတီသည် သိမ်းဆည်းခံ လယ်ယာမြေများကို မတ္တရာမြို့နယ် တွင်းရှိ ဒေသခံ လယ်သမားများထံသို့ ပြန်လည်ပေးအပ်ရန် ဆောင်ရွက် လျက်ရှိသော်လည်း ထိုဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော လယ်သမားများ၏ လယ်ယာမြေများ ပါဝင်ခြင်းမရှိခဲ့ပါ။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ အီလဲဗင်း

### လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် ပတ်သက်ပြီး သတင်းရေးသား ဖော်ပြခဲ့ခြင်းအတွက် အမျိုးသားသုံးဦး ပြစ်ဒဏ်ချမှတ်ခံရ

ဇူလိုင်လ ၁၂ ရက်နေ့တွင် The Ladies သတင်းစာ၏ သတင်းထောက် ဟောင်း ကိုမောင်မဲနှင့် အယ်ဒီတာဟောင်း ကိုစိုးစိုး၊ လယ်သမား ဦးပြုံးချိုတို့ကို ထောင်ဒဏ် ခြောက်လ သို့မဟုတ် ဒဏ်ငွေ ၂၀၀၀၀ ကျပ် ပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ၂၀၁၃ခုနှစ်၊ စက်တင် ဘာလ၌ "သဲကုန်းမြို့ နယ်တွင် အငြိမ်းစား ဒုဗိုလ်မှူးကြီးတစ်ဦး လယ်ယာမြေများသိမ်းယူ၊ လေယာဉ်ကွင်း မဆောက်ဘဲ အကွက်ရိုက် ရောင်းစားနေ"ဟူသည့် သတင်းခေါင်း စဉ်ဖြင့် သတင်းအမှားရေးသား ဖော်ပြခဲ့ခြင်းအတွက် ၎င်းတို့ တရားစွဲဆို ခံခဲ့ရခြင်း ဖြစ်သည်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် ဒုဗိုလ်မှူးကြီး ခင်မောင်ဝင်းမှ ထိုသတင်းစာ၏ သတင်း ထောက်နှင့် အယ်ဒီတာတို့အပြင် ထိုသတင်းအား ကိုးကား (ပြောပြ) ပေးခဲ့သည့် လယ်သမားတစ်ဦးကိုပါ အမှုဖွင့် ခဲ့သည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ၎င်းတို့ စတင်၍ တရားရင်ဆိုင်ခဲ့ရပြီး နှစ်နှစ်ခွဲကြာ ရုံးချိန်း ငါးဆယ်ကျော် တက်ရောက်ခဲ့ရသည်။ ပြစ်ဒဏ်ချ မှတ် ခံရသူများထဲမှ တစ်ဦးဖြစ် သူ ကိုစိုးစိုးမှ ထိုစီရင်ချက်သည် တရားမျှတမှုနှင့် အဓိပ္ပါယ်မရှိ ကြောင်း ပြောဆိုခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ 7 Day Daily/မြန်မာ

### တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ်ချမှတ်ခံရ

စစ်ကိုင်းအလုပ်သမား သပိတ်တွင် ပါဝင်ခဲ့ေ သာ ကျောင်းသားနှင့် အလုပ်သမား ၁၅ ဦးတို့ သည် တရားရုံးအား မထီမဲ့မြင်ပြုခဲ့ခြင်းအတွက် ဇူလိုင်လ ၁၃ ရက်နေ့ တွင် ရာဇဝတ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၄၈၀(၁) ဖြင့် ထောင်ဒဏ်တစ်လ သို့ မဟုတ် ဒဏ်ငွေ ၅၀၀ ကျပ် ပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရသည်။

စစ်ကိုင်းမှ နေပြည်တော်သို့ ချီတက်မည့် အလုပ်သမားသပိတ်တွင် ပူးပေါင်းပါဝင် ခဲ့ပြီးနောက် မေလ ၁၈ ရက်နေ့တွင် ၎င်းတို့ ထိန်းသိမ်း ခံခဲ့ရသည်။

ဇူလိုင်လ ၁၃ ရက်နေ့ ၎င်းတို့၏ လေးကြိမ်မြောက်ရုံးချိန်းတွင်လည်း တရား စီရင်ရေးအား သပိတ်မှောက်ခဲ့ပြီး တရားသူကြီးနှင့် စကား ပြောဆိုရန်ငြင်း ဆန်ခဲ့ကာ အော်ဟစ်ခြင်း၊ သီချင်းဆိုခြင်းများ ပြုလုပ်ခဲ့ သည်။ ဆန္ဒပြသူများသည် ထောင်ဒဏ်ကျခံမည်ဖြစ်ပြီး တရားစီရင်ရေးအား ဆက်လက်၍ သပိတ်မှောက် သွားမည်ဟု ပြောကြားခဲ့သည်။

ဇူလိုင်လ ၂၇ ရက်နေ့တွင် အမျိုးသမီးနှစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့ သည် ဒဏ်ငွေပေးဆောင်ခဲ့၍ တရားသူကြီးမှ ကျန်ရှိသည့် ပြစ်ဒဏ် ၁၅ ရက်အား ဖြေ လျှော့ပေးခဲ့သည်။

ဇူလိုင်လ ၂၇ ရက်နေ့ ၎င်းတို့၏ ငါးကြိမ်မြောက်ရုံးချိန်းတွင်လည်း တရားစီရင် ရေးအား ဆက်လက် သပိတ်မှောက်ခဲ့သည်။ ထို့ကြောင့် တပ်ကုန်းမြို့နယ် တရားသူကြီးမှ ၎င်းတို့ ဆက်လက်၍ သပိတ်မှောက်လျှင် တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် ပြစ်ဒဏ် ထပ်မံချမှတ်သွားမည်ဟု ပြောကြား ခဲ့သည်။

အလုပ်သမားသပိတ်ခေါင်းဆောင်ကိုခိုင်မင်းမှ ၎င်းတို့အနေဖြင့် တရားရုံး၏ စစ်ဆေးမှုအား လက်ခံရန်စဉ်းစားခဲ့သော်လည်း ဥပဒေ၏ ကာကွယ် စောင့်ရှောက် မှုမရရှိဟု ခံစားရသောကြောင့် သပိတ်မှောက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ထို့ ပြင် သူသည် တရားရုံး၌ ဆိုးရွားစွာ ဆက်ဆံခံခဲ့ရသည်၊ ကတိများပေးထားခဲ့

သော်လည်း ထောင်တွင်းအခြေအနေ ပြောင်းလဲမှုမရှိပါ၊ ထောင်အရာရှိမှ သူ့အား ကိုယ်ထိလက်ရောက် စော်ကားခဲ့ပြီး အကျဉ်းသားအချင်းချင်း ထိုးခိုင်းသည်အထိ ဖန်တီးခဲ့၍ ဒဏ်ရာရရှိခဲ့သည်ဟု ပြောကြားခဲ့သည်။ ၎င်းတို့သည် မည်သည့် ဥပဒေ ကာကွယ်စောင့်ရှောက်မှုမှ မရရှိခဲ့ပါဟုလည်း ထုတ်ဖော် ပြောဆိုခဲ့သည်။

၎င်းတို့၏ နောက်တစ်ကြိမ်ရုံးချိန်းသည် ဩဂုတ်လ ၁၀ ရက်နေ့တွင်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ The Voice/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ အီလဲဗင်း

**ရက္ခိုင့်တပ်မတော်(AA)နှင့် ဆက်သွယ်ခြင်းအတွက် ရခိုင်အမျိုးသား သုံးဦးကို ပြစ်ဒဏ်ချမှတ်**

ရက္ခိုင့်တပ်မတော် (AA) နှင့်ဆက်သွယ်ခြင်းအတွက် ဇူလိုင်လ ၁၃ ရက်နေ့တွင် ကျောက်ဖြူမြို့နယ် တရားရုံးမှ ရခိုင်အမျိုးသားသုံးဦးအား မတရားအသင်း အက်ဥပဒေ ၁၇(၁)ဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ လူမှုရေးတက်ကြွလှုပ်ရှားသူ၊ ကျောက်ဖြူမြို့နယ်၊ ကျေးလက်ဖွံ့ ဖြိုးရေးအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ကိုမောင်အေးသည် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခံခဲ့ရသည်။ ကိုထွန်းသာဖြူနှင့် ကိုဇော်ဝင်းမောင်တို့သည် အလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးနှစ် ချမှတ်ခံခဲ့ရသည်။ ဇန္နဝါရီလ ၂၁ ရက်နေ့ကတည်းက ၎င်းတို့ ထိန်းသိမ်းခံခဲ့ရသည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ နိုရဋ္ဌရာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ BNI/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ မဇ္ဈိမ

# ထောင်မှလွတ်မြောက်မှုများ

### ရွှေဝါရောင်တော်လှန်ရေးဦးဆောင်သူတစ်ဦး လွတ်မြောက်

ဇူလိုင်လ ၁ ရက်နေ့တွင် ဦးဂမ္ဘီရဟု လူသိများသော ဦးညီညီလွင်သည် ထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ သူသည် တရားဝင် ပြည်ဝင်ခွင့် ဗီဇာမရှိပဲ ထိုင်း -မြန်မာ နယ်စပ်အား ဖြတ်ကူးခဲ့သည်ဟု စွပ်စွဲခံခဲ့ရကာ ဧပြီလ ၂၆ ရက်နေ့တွင် မန္တလေးတိုင်း တရားရုံးမှ သူ့အား အလုပ် ကြမ်းနှင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခဲ့သည်။ ၂၀၁၂ ခုနှစ်က ဖြစ်ပွားခဲ့သောအမှုဟောင်းများအတွက် ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၈၊ ၄၂၇ စသည့် ထပ်တိုး စွဲချက်များကို ရင်ဆိုင်ရန် ဇွန်လ ၂၆ ရက်နေ့တွင် သူ့အား မန္တလေး အိုးဘိုအကျဉ်းထောင်မှ အင်းစိန် အကျဉ်းထောင် သို့ ပြောင်းေ ရွှေ့ခဲ့သည်။ သူသည် ရွှေဝါရောင်တော်လှန်ရေးတွင် ဦးဆောင်ပါဝင်ခဲ့ခြင်းအတွက် ထောင်ဒဏ်ကျခံခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ပြန်လည် လွတ်မြောက်လာခဲ့ပြီးနောက် ထို အမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့သော တက်ကြွလှုပ်ရှားသူ ရဟန်း၊ သံဃာများအား မည်သည့်နေရာတွင်မှ ရှာမတွေ့သည့်နောက် စစ်တပ်မှ အကြမ်းဖက်ဖြိုခွင်းခဲ့သော ချိတ်ပိတ်ထားသည့် ဘုန်းကြီးကျောင်း သုံးကျောင်းအား ဝ င်ရောက်ခဲ့ခြင်းဖြစ်သည်ဟု သူ၏ ရှေ့နေဖြစ်သူမှ ပြောကြားခဲ့သည်။ ထိုစွဲချက်များကို ရင်ဆိုင်ရန် ဇူလိုင်လ ၄ ရက်နေ့တွင် ရုံးချိန်း တက်ေ ရာက်ရမည်ဖြစ်သော်လည်း ဇူလိုင်လ ၁ ရက်နေ့တွင် လွတ်ရက်စေ့သဖြင့် ထောင်မှ ပြန်လည် လွတ်မြောက် လာခဲ့သည်။ ထို့ပြင် တရားရုံးများမှ သူ့အား စွဲဆိုထားသော ထပ်တိုး စွဲချက်များကို ရုပ်သိမ်းပေးခဲ့သည်။ စစ်အစိုးရဟောင်းမှ သူ့အား ပြင်းထန်သော ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့၍ စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားနေရသောကြောင့် ထောင်တွင်းရှိနေစဉ်အတွင်း အာမခံ လျှောက်ထားခဲ့သော် လည်း ပယ်ချခြင်းခံခဲ့ရသည်။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ Reuters
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ Asian Correspondent
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ The Voice/မြန်မာ

### ပြစ်ဒဏ်ထက်ဝက်လျှော့ချပေးပြီးနောက် ဘီဘီစီသတင်းထောက် ထောင်မှ လွတ်

ခရိုင်တရားသူကြီး ဦးဖြိုးဖြိုးမှ ဘီဘီစီ သတင်းထောက် ကိုနေမျိုးလင်း၏ အယူခံအား လက်ခံခဲ့ပြီးနောက် ဇူလိုင်လ ၂၁ ရက်နေ့ ရုံးချိန်းတွင် သူ ၏ ပြစ်ဒဏ်အား သုံးလမှ တစ်လခွဲသို့ လျှော့ချပေးခဲ့သည်။ ထို့ကြောင့် ကိုနေမျိုးလင်းသည် ထိုနေ့တွင်ပင် လွတ်ရက်စေ့၍ ထောင်မှ လွတ် ေြမာက်လာခဲ့သည်။ ၂၀၁၅ ခုနှစ်၊ မတ်လတွင် လက်ပံတန်း ကျောင်း သားသပိတ်၊ အကြမ်းဖက်ဖြိုခွင်းခံရခြင်းကို ဆန့်ကျင် ဆန္ဒပြမှု တွင်း သူသည် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား လက်သီးဖြင့်ထိုးခဲ့ခြင်းအတွက် ဇွန်လ ၆ ရက်နေ့တွင် ရာဇသတ်ကြီးပုဒ်မ ၃၂၂ ဖြင့် အလုပ်ကြမ်းနှင့် ထောင် ဒဏ် သုံးလ ချမှတ်ခြင်းခံခဲ့ရသည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ မဇ္ဈိမ

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**ဒေါ်အောင်ဆန်းစုကြည်အား လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်းအတွက် စီမံကိန်းဦးစီးဌာန ဒုတိယ ဦးစီးမှူးတရားစွဲဆိုခံရ**

စလင်းမြို့နယ် စီမံကိန်းဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးထွန်းမင်းလတ်သည် ဒေါ်အောင်ဆန်းစုကြည်အား "ကုလားမယား"ဟု လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခဲ့ခြင်းအတွက် ဇူလိုင်လ ၄ ရက်နေ့တွင် ဆက်သွယ်ရေးဥပဒေ၆၆/ဃ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ မည်သည့် အရေးယူ ဆောင်ရွက်မှုမျှ မရှိလျှင် ဒေသခံများ ပို၍ ဒေါသထွက်မည်စိုးသည့်အတွက် ဒေသခံ NLD အဖွဲ့ဝင် ကိုအေးမင်းစိုးမှ သူ့အား အမှုဖွင့်ခဲ့သည်။ ထို့နောက် ဇူလိုင်လ ၂ ရက်နေ့တွင် သူ ဖမ်းဆီးခံခဲ့ရသည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊ Channel News Asia

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊ အီလဲဗင်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ မြန်မာတိုင်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ မဇ္ဈိမ

**အစိုးရမှ ချင်းပြည်နယ်တောင်ပိုင်းညီလာခံအား ပိတ်ပင်**

ဇူလိုင်လ ၈ ရက်နေ့မှ ၉ ရက်နေ့ထိ ကျင်းပရန် စီစဉ်ထားသော ချင်းပြည်နယ်တောင်ပိုင်း ညီလာခံအား ပိတ်ခဲ့ကြောင်း ဇူလိုင်လ ၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ညီလာခံကျင်းပရေး ကော်မတီသို့ စာပို့ခဲ့သည်။ ချင်းပြည်နယ်တောင်ပိုင်းတွင် တည်ရှိသော မြို့နယ်လေးမြို့နယ်ကြား ချင်းအမျိုးသားရေးရာ ကိစ္စရပ်များ ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်နိုင်ရန် ရည်ရွယ်ခဲ့၍ ညီလာခံပိတ်ခဲ့ရခြင်းနှင့် ပတ်သက်ပြီး စိတ်ပျက်ကြောင်း တက်ရောက်မည့်သူများမှ ပြောကြားခဲ့သည်။ ချင်းတိုးတက်ရေးပါတီ (CPP) ၏ အထွေထွေအတွင်းရေးမှူးပူးရှိန်းထွန်း မှ အစိုးရသည် အာဏာ ရှင်ကဲ့သို့ ဆောင်ရွက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ မည်သည့်အတွက်ကြောင့် အစိုးရမှ ညီလာခံအား ပိတ်ခဲ့သည်ကိုမူ မသိရှိရပါ။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ BNI/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ BNI/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ BNI
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ BNI

**ကရင်အမျိုးသားအစည်းအရုံး၏ (KNU) မြေယာမူဝါဒ ရှင်းလင်းပွဲအား ပြည်နယ်အစိုးရ ခွင့်မပြု**

ဇူလိုင်လ ၁၇ ရက်နေ့တွင် ကျင်းပမည့် ကရင်အမျိုးသားအစည်းအရုံး (KNU)၏ မြေယာမူဝါဒရှင်းလင်းပွဲအား ကရင်ပြည်နယ်အစိုးရမှ ခွင့်မပြုကြောင်း ကြေငြာ ချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ KNU မှ ၎င်းတို့၏ မြေယာမူဝါဒအား ဘားအံရှိ လူထုအား ရှင်းပြရန်နှင့် လယ်ယာမြေအခွင့်အရေးဆိုင်ရာ စည်းရုံး လှုံ့ဆော်မှုပြုလုပ်နိုင်ရန်အတွက် အသိပညာပေးမှု မြှင့်တင်ရန် ရည် ရွယ်ထားခဲ့သည်။ သို့သော်လည်း ကရင် ပြည်နယ်အစိုးရမှ ၎င်းတို့အား ခွင့်ပြုချက်ပေးရန် ငြင်းဆိုခဲ့ပြီး အစိုးရ၏ မြေယာမူ ဝါဒကိုသာ ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**သမိုင်းဝင် ပင်လုံမြို့၌တိုင်းရင်းသား လူငယ် ညီလာခံ စတင်**

ဇူလိုင်လ ၂၇ ရက်နေ့မှ ၃၁ ရက်နေ့ထိ ကျင်းပမည့် တိုင်းရင်းသား လူငယ်ညီလာခံ တက်ရောက်ရန်အတွက် မြန်မာတနိုင်ငံလုံးမှ တိုင်းရင်းသား လူငယ်ရှစ်ရာခန့်သည် ရှမ်းပြည်နယ်၊ သမိုင်းဝင် ပင်လုံမြို့တွင် စုဝေးခဲ့ကြသည်။

တက်ရောက်သူများသည် ပလောင်၊ ပအို့၊ ကိုးကန့်၊ ကဒူး၊ ကနန်၊ ဆလုံ(မိုကမ်)၊ ထားဝယ်၊ ရှမ်းနီ၊ နာဂ၊ သက်၊ ခမာ၊ အင်းသားအပါအဝင် တိုင်းရင်းသားလူမျိုးစု ၂၈ စုမှ ကိုယ်စားလှယ်များ ဖြစ်ကြပြီး တိုင်းရင်းသားလူမျိုးစုများအတွက် ငြိမ်းချမ်းရေး၊ ဖက်ဒရယ်မူဝါဒ၊ နှင့် တန်းတူညီမျှမှု ရရှိရန် အတွက် ဆွေးနွေးခဲ့ကြသည်။

ထိုလူငယ်ညီလာခံအား လွန်ခဲ့သော လေးနှစ် ကတည်းက စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု ဦးဆောင်စီစဉ်သူများမှ ပြောကြားခဲ့သည်။ အစိုးရကျင်းပမည့် ပင်လုံညီလာခံအား ထိခိုက်မည်စိုးသည့်အတွက် အစောပိုင်းတွင် ပြည်နယ်တာဝန်ရှိသူများမှ လူငယ်ညီလာခံအား ဆိုင်းငံ့ထား ခဲ့သော်လည်း ဇူလိုင်လ ၂၆ ရက် နေ့ညနေတွင် ရှမ်းပြည်နယ်အစိုးရမှ ကျင်းပခွင့်ပြုခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ BNI
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ BNI/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ BNI/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ BNI
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်၊ မြန်မာတိုင်း

# မြေယာသိမ်းဆည်းမှုများ

## နေပြည်တော် လယ်သမားနှစ်ဦးအား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေး

၂၀၁၁ ခုနှစ်ကတည်းက နေပြည်တော်ရှိ လယ်ယာမြေများမှ ရွှေ့ပြောင်း ရန် ငြင်းဆန်ခဲ့ကြသော လယ်သမားနှစ်ဦးသည် ကြာရှည်စွာ အမှုရင် ဆိုင်နေရသည်။ ဇူလိုင်လ ၄ ရက်နေ့တွင် တရားလို၏ ပန်ကြားချက်ကြောင့် တရားရုံးမှ ၎င်းတို့အား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေးခဲ့သည်။ ဦးကျော်မင်းနှင့် ဦးဘိုမောင်တို့သည် ဒက္ခိဏသီရိ မြို့နယ်၊ သံတမန်အိမ်ရာဝင်းအတွင်းရှိ ၎င်းတို့၏ လယ်ယာမြေများမှ ဖယ်ရှားပေးရန် ငြင်းဆန် ခဲ့သည့်အတွက် နေပြည်တော်၊ စည်ပင်သာယာ ရေးအက်ဥပဒေ၊ ပုဒ်မ ၂၆ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ လျော်ကြေးငွေနှင့် ပတ်သက်၍ သဘောတူညီမှု ရရှိခဲ့ပြီးသော်လည်း လယ်သမားများသည် ထိုလယ်ယာမြေများတွင် ဆက်လက်နေထိုင် လျက်ရှိသည်ဟု တရားရုံးမှ ပြောကြားခဲ့သည်။ ဦးကျော်မင်း၏ လယ်ယာ မြေ ဧက ၃၀ ကျော်အား အစိုးရမှ သိမ်းဆည်းခဲ့ပြီး ၁၅ ဧကအတွက် တစ်ဧကလျှင် တစ်သိန်းကျပ် ဖြင့် လျော်ကြေးပေးခဲ့သည်။ ဦးဘိုမောင်၏ လယ်ယာ မြေ ၂၂ ဧကသည်လည်း သိမ်းဆည်းခံခဲ့ရပြီး လျော်ကြေးမရရှိခဲ့ပါ။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ဇမ္ဗူသီရိမြို့နယ်၊ စည်ပင်သာယာရေးကော်မတီ တရားရုံးမှ ၎င်းတို့နှစ်ဦးအား တရားစွဲဆိုခဲ့ပြီး ဇူလိုင်လ ၄ ရက်နေ့တွင် စွဲချက်များကို ရုပ်သိမ်းပေးခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ခုနှစ်၊ဇူလိုင်လ ၅ ရက်၊အီလဲဗင်း

## ထောင်မှ လွတ်မြောက်လာပြီးနောက် ကန့်ဘလူ လယ်သမားတစ်ဦး ထပ်မံ တရားစွဲဆိုခံရ

ဇူလိုင်လ ၇ ရက်နေ့တွင် ကန့်ဘလူမြို့နယ်တရားရုံးမှ ကန့်ဘလူ လယ်သမားတစ်ဦးဖြစ်သူ ဦးစိန်ထွန်းအား ပိုင်နက်ကျူးလွန်ခြင်းအတွက် ရာဇသတ်ကြီး ပုဒ်မ ၄၄၇ ဖြင့် တရားစွဲ ဆိုခဲ့သည်။

သူသည် ကန့်ဘလူ ကြံစီမံကိန်းအတွက် လယ်ယာမြေ သိမ်းဆည်းခြင်း ကို ဆန့်ကျင်ဆန္ဒပြခဲ့သောကြောင့် ၆ ထောင်ဒဏ် နှစ်နှစ်ကျခံခဲ့ရပြီး ပြန်လည် လွတ်မြောက် လာခဲ့သူဖြစ်သည်။ သူနှင့်အတူ တစ်ခြားတောင်သူ ၅၀ ကျော်သည် မြင်းခြံထောင်တွင် ထောင်ဒဏ်ကျခံခဲ့ရသည်။ ထောင်မှ လွတ်မြောက်ပြီးနောက် စားဝတ်နေရေးကျပ်တည်းသည့်အတွက် သိမ်းဆည်းခံ ထားရသော သူ၏ လယ်ယာမြေများထဲမှ မြေလွတ်တွင် ဝင်ရောက် စိုက်ပျိုး ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ယခုလက်ရှိတွင် ထိုမြေသည် တပ်ပိုင်မြေ ဖြစ်ပြီး စစ်တပ်မှ ထိုမြေအား သီးစားချထားခဲ့သည်။ ထို့ကြောင့် ထိုမြေ၏ သီးစား လယ်သမားတစ်ဦးဖြစ်သည် ဦးချစ်ကွန်းမှ သူ့အား အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။

စစ်တပ်မှ ဦးစိန်ထွန်း၏ လယ်ယာမြေ ၁၀ ဧက အပါအဝင် လယ်ယာမြေဧက တစ်သောင်းကျော်အား ကြံစီမံကိန်းအတွက် သိမ်းဆည်းခဲ့သည်။ သူ့အား တရားစွဲဆိုခဲ့သော်လည်း စိုက် ခင်းများကိုမူ ဖျက်ဆီးခြင်းမရှိပါ။
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ အီလဲဗင်း/မြန်မာ

## ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမားများအား တရားစွဲ

စိုက်ခင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းအတွက် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ စိုက်ခင်းတာဝန်ခံမှ တောင်ကြီးမြို့နယ်၊ ရေပူကျေးရွာရှိ ဒေသခံ လယ်သမား ၁၃၀ ဦးအား ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် တရားစွဲ ဆိုခဲ့သည်။

ဇွန်လပထမအပတ်တွင် လယ်သမားသည် တပ်ပိုင်စိုက်ခင်းအတွင်းသို့ ဝင်ရောက်ထွန်ယက်နေစဉ် စိုက်ခင်းတာဝန်ခံမှ ၎င်းတို့၏ လှုပ်ရှားမှုအား ဓာတ်ပုံ မှတ်တမ်းတင်ခဲ့ပြီး ထိုမြေများသည် တပ်ပိုင်မြေဖြစ်ကြောင်း လက်မှတ်ထိုးစေခဲ့သည်။ လယ်သမားများမှ လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့သောကြောင့် ပိုင် နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။ ဇူလိုင်လ ၂၅ ရက်နေ့တွင် ရုံးချိန်းတက်ရောက်ရန် တရားရုံးမှ လယ်သမားများအား ဆင့်ခေါ်ခဲ့သည်။

ထိုရွာတွင်းရှိ လယ်ယာမြေ ဧက ၅၀၀၀ အား စစ်တပ်မှ သိမ်းယူခဲ့ပြီး ထိုထဲမှ တစ်ဝက်အား မြနဒီကုမ္ပဏီသို့ ရောင်းချခဲ့သည်။

ယင်းဖြစ်စဉ်အား တရားမျှတစွာ ဖြေရှင်းပေးနိုင်ရန် လယ်သမားများမှ သမ္မတ၊ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ရှမ်းပြည်နယ် အစိုးရထံသို့ တင်ပြ တောင်းဆို ထားသည်။
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ခုနှစ်၊ဇူလိုင်လ ၂၇ ရက်၊ မဇ္ဈိမ

## ပိုင်နက်ကျူးလွန်ခြင်းအတွက်မိသားစုတစ်စု တရားစွဲဆိုခံရ

မူလပိုင်လယ်ယာမြေအား ကျူးကျော်ခြင်းအတွက် ဇူလိုင်လ ၂၄ ရက်နေ့ တွင် မိသားစုတစ်စုသည် တရားစွဲဆို ခံခဲ့ရသည်။

၁၉၉၂ နှင့် ၁၉၉၃ တွင် ပုသိမ်မြို့ပြ စီမံကိန်းဆောင်ရွက်ရန် အာဏာပိုင်များမှ ၎င်းတို့ပိုင်မြေအား သိမ်းယူခဲ့သည်။ ယခုလက်ရှိတွင် စာရင်းစစ်ချုပ်ရုံးမှ ထိုလယ်ယာမြေအား ပိုင်ဆိုင်သည်ဟု သိရှိရသည်။

တရားစွဲဆိုခံရသော ထိုမိသားစုသည် ဦးသန်းမောင်နှင့် သူ၏သား ကိုချိုပြုံး၊ချွေးမ မခင်မြဝင်း၊ အသက် ၁၂ နှင့် ၁၅ နှစ်အရွယ်ရှိ မြေးနှစ်ဦးတို့ဖြစ်ကြသည်။ ပုသိမ်မြို့နယ်၊ စာရင်းစစ်ဌာန၊ ဦးစီးအရာရှိ ဒေါ်ဥမ္မာအောင်မှ ၎င်းတို့အား အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် ပုသိမ်မြို့နယ် ရဲစခန်း၌ ၎င်းတို့အား စစ်ဆေးခဲ့သည်။ ဖေဖော်ဝါရီလတွင် ၎င်းတို့ပိုင် လယ်ယာမြေကို ဝင်ရောက် ထွန်ယက်ခဲ့ ခြင်းဖြစ်သည်။
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ ဧရာဝတီ/မြန်မာ

# လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ

**အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်းခြင်းအပေါ် နိုင်ငံရေး လေ့လာသုံးသပ်သူများမှ စိုးရိမ်**

ဇူလိုင်လ ၁၂ ရက်နေ့တွင် ဒုတိယသမ္မတဦးဆောင်မှုဖြင့် အဖွဲ့ဝင် ၁၁ ဦးပါဝင်သော အရေးပေါ်ကာလ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ဇူလိုင်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော သမ္မတရုံး၏ ကြေငြာချက်အရ ထိုကော်မတီ၏ ရည်ရွယ်ချက်သည် ဆန္ဒပြမှုနှင့် ဆူပူအကြမ်းဖက်မှုများကို ကိုင်တွယ် ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ဆန္ဒပြမှုများဖြစ်လာခဲ့လျှင် ပြည်သူ့အား နှင့်တန်ပြန် ဆန္ဒပြရန်၊ ဆန္ဒပြမှု၊ ဆူပူအကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ကြိုတင် ကာကွယ်နိုင်ရန်၊ သတင်းရရှိရေးအပြင် အကြမ်းဖက်နေစဉ်ကာလတွင်း လှုပ်ရှားမှု သတင်းမှန်သမျှကို ရယူမှတ်တမ်းတင်ထားပြီး မမှန်မကန် ဝေဖန် ထိုးနက်မှုများရှိပါက ထုတ်ဖော် တုံ့ပြန်ရန် စသည့်အချက်များပါရှိနေခြင်းကြောင့် နိုင်ငံရေး လေ့လာသုံးသပ်သူ များမှ ကော်မတီသစ်၏ လုပ်ငန်း တာဝန်များအပေါ် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။ ကော်မတီ၏ လုပ်ငန်းစဉ်သည် မီဒီယာများကို ကန့်သတ်မှုများ ရှိနိုင်ပြီး ဆန္ဒပြသူများကို ရာဇဝတ်သားများကဲ့သို့ ဆက်ဆံခြင်းကဲ့သို့သော ယခင်စစ် အစိုးရ သုံးနှုန်းခဲ့သည့် ဝေါဟာရများပါဝင် နေသည်ဟု မြန်မာ့နိုင်ငံရေး လေ့လာသူ ဒေါက်တာ ရန်မျိုးသိမ်းမှ ပြောကြား ခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ အီလဲဗင်း

**လားရှိုးတွင် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း စစ်တပ်မှ ဝန်ခံ**

ဇွန်လ ၂၅ ရက်နေ့၌ ရှမ်းပြည်နယ်၊ မုန်းယောကျေးရွာအနီး၌ သတ်ဖြတ်ခံခဲ့ရသော အရပ်သား ခုနစ်ဦးတွင် ငါးဦးအတွက် ၎င်းတို့ တွင် တာဝန်ရှိကြောင်း စစ်တပ်မှ ပြောကြားခဲ့သည်။ အစောပိုင်းတွင် တပ်မတော်မှ ထိုသတ်ဖြတ်မှု၌ ပါဝင်ခြင်း မရှိကြောင်း ငြင်းဆိုခဲ့သည်ဟု ဒေသခံရွာသားများနှင့် လူ့အခွင့် အရေးအဖွဲ့များမှ စွပ်စွဲခဲ့သည်။ ဇူလိုင်လ ၁၆ ရက်နေ့တွင် လားရှိုးမြို့နယ်၌ ဒေသခံ ငါးရာကျော်မှ ရှမ်းပြည်နယ်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် တပ်မတော်မှ ရှမ်းတိုင်းရင်းသားများကို သတ်ဖြတ်နေခြင်းကို ဆန့်ကျင် ဆန္ဒပြခဲ့ကြသည်ဟု ဒေသခံလူငယ်ခေါင်းဆောင်တစ်ဦးဖြစ်သူ စိုင်းအောင်မြင့်ဦးမှ ပြောကြားခဲ့သည်။

ဇူလိုင်လ ၂၀ ရက်နေ့၊ သတင်းစာ ရှင်းလင်းပွဲ၌ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးမှ တပ်မတော်မှ ထိုအမှုအား စစ်ဆေးနေပြီဖြစ်ကြောင်းနှင့် တာဝန်ရှိသူများကို အပြစ်ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ စစ်ဆေးမေးမြန်းချိန်တွင်း စစ်သားများမှ အရပ်သားငါးဦးအား သတ်ဖြတ်မှု ကျူးလွန်ခဲ့သည်ဟုလည်း ဝန်ခံခဲ့သည်။ ဆိုင်ကယ် ပေါ်တွင် ပစ်သတ်ခံခဲ့ရသော အရပ်သားနှစ်ဦးနှင့် ပတ်သက်၍ တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်းနှင့် ဆက်နွယ်၍ ထိုအရပ်သား နှစ်ဦး ပစ်သတ်ခံခဲ့ရခြင်းဖြစ်ပြီး မည်သည့်အဖွဲ့မှ ၎င်းတို့နှစ်ဦးအား ပစ်သည်ကို မသိရှိရပါဟုလည်း ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးမှ ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ ဧရာဝတီ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ ရှမ်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ မဇ္ဈိမ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ ဧရာဝတီ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ ဒီဗွီဘီ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ မြန်မာတိုင်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဧရာဝတီ/မြန်မာ

**အစိုးရမှ ရာပေါင်းများစွာသော အမည်များကို အမည်ပျက်စာရင်းမှ ဖယ်ရှားပေး**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ၎င်းတို့၏ ရက်တစ်ရာစီမံကိန်း တစ်စိတ်တစ်ပိုင်းအဖြစ် မြန်မာလူမျိုး အယောက် ၂၀၀ ကျော်နှင့် နိုင်ငံခြားသား အယောက် ၃၀၀ကျော်၊ စုစုပေါင်း လူဦးရေ ၆၀၀ အား အမည်ပျက်စာရင်း မှ ဖယ်ရှားပေးခဲ့သည်ဟု အဆိုပါ ဝန်ကြီးဌာန မှ ဧရာဝတီသတင်းဌာနသို့ ပြောကြားခဲ့သည်။ ဝန်ကြီးဌာနမှ နိုင်ငံ၏ အကျိုးအတွက် ဆောင်ရွက်ပေးသူများကို အမည်ပျက်စာရင်းမှ ဆက်လက်ဖယ်ရှားပေးမည်ဟု ပြောကြားခဲ့သည်။ အမည်ပျက်စာရင်းနှင့်စပ်လျဉ်း၍ နောက်ထပ် အသေးစိတ် အချက်အလက်များပေးရန် ကိုမူ ဝန်ကြီးဌာနမှ ငြင်းဆိုခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ ဗားမားနက်
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်၊ ဧရာဝတီ/မြန်မာ

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

နှစ်ငါးဆယ်ကျော်အတွင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခဲ့သော အရပ်သားအစိုးရသည် ယခုလက်ရှိတွင် အစိုးရတာဝန် ထမ်းဆောင်သည်မှာ လေးလ ကုန်ဆုံးပြီဖြစ်သည်။ အစိုးရသစ်သည် ဖိနှိပ်ထားသော ဥပဒေများကို ဖယ်ရှားရန် ကြိုးစားလျက်ရှိသော်လည်း နိုင်ငံရေး အကျဉ်းသားရေးရာကိစ္စရပ်များတွင် တိုးတက်မှုမရှိခြင်း၊ တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ အရှိန် မြင့်တက်လာခြင်း၊ တက်ကြွလှုပ်ရှားသူများကို ခြိမ်းခြောက်ရန်နှင့် ထိန်းသိမ်းရန် ဖိနှိပ်ထားသော ဥပဒေများကို ဆက် လက် အသုံးပြုနေခြင်းတို့သည် အစိုးရသစ်အနေဖြင့် ရွေးကောက်ပွဲ ကတိပြုထားမှုအား ပိုမို၍ ဆောင်ရွက်ရန် လိုအပ်နေသည်ကို ပြသလျက်ရှိသည်။

ဧပြီလတွင် နိုင်ငံရေး အကျဉ်းသား အများအပြား လွတ်မြောက်လာသောကြောင့် တိုးတက်မှုများရှိလာခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသား အရေအတွက်၊ ပြစ်ဒဏ်ချမှတ်ခံရမှုများ သို့မဟုတ် တရားရင်ဆိုင်ရမှုများသည် နောက်ပိုင်းတွင် တိုးလာခဲ့ပြီး လျော့နည်းလာမည့် လက္ခဏာ မရှိသည်ကို ပြသနေသည်။ ဇူလိုင်လကုန်တွင် မြန်မာနိုင်ငံတွင်း နိုင်ငံရေး အကျဉ်းသား ၂၈၅ ဦးရှိနေဆဲဖြစ်သည်။

ယခုလတွင် The Ladies ဂျာနယ်အမှုတွင် ပါဝင်သူများကို ပြစ်ဒဏ်ချမှတ်ခြင်း၊ ရခိုင်လွတ်မြောက်ရေးပါတီ၏ ဒုတိယ ပြန်ကြားရေး တာဝန်ခံဟောင်း ကိုခိုင်မျိုးထွန်းအား ဖမ်းဆီးခြင်း၊ အာဏာပိုင်များမှ နိုင်ငံရေးဆိုင်ရာ ညီလာခံများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများအား ပိတ်ပင် တားဆီးရန် ကြိုးစားခဲ့ခြင်းတို့သည် စာနယ် ဇင်း ဆင်ဆာဖြတ်တောက်မှုနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့အပေါ် စိုးရိမ်မှုများရှိနေသည်ကို ပြသရာရောက်ခဲ့သည်။ ထိုအခြင်းအရာများ ဖြစ်ပွားလာနေခြင်းကြောင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်နှင့် ဝေဖန်ခွင့်တို့အပေါ် သည်းခံနိုင်မှု မရှိသော စစ်တပ်ကို ဆန့်ကျင်ရန် NLD ဦးဆောင်သော အစိုးရအနေဖြင့် ပို၍ ကြိုးပမ်း ဆောင်ရွက်ရမည်ဟု တိုက်တွန်းပါသည်။

ရက္ခိုင့်တပ်မတော်(AA)နှင့် ဆက်သွယ်ခြင်းအတွက် ယခုလတွင် ရခိုင်အမျိုးသား သုံးဦးပြစ်ဒဏ်ခံရခြင်းနှင့်အတူ မတရားအသင်း အက်ဥပဒေဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော နိုင်ငံရေး အကျဉ်းသား အရေအတွက် ဆက်လက် တိုးလာလျက်ရှိသည်။ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော နိုင်ငံရေး အကျဉ်းသားများ၏ ရစ်ဆယ်ရာခိုင်နှုန်း ဝန်းကျင်ခန့်သည် မတရားအသင်း အက်ဉဒေဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားများ ဖြစ်ပြီး မတရားအသင်း အက်ဥပဒေဖြင့် အမှုရင်ဆိုင်နေရသူများလည်း များစွာရှိခြင်းကို ထိုအခြင်းအရာမှ ဖော်ပြနေသည်။ မတရားအသင်း အက်ဥပဒေသည် တိုင်းရင်းသား လူမျိုးစုများကို တမင်ရည်ရွယ်ကာ ပစ်မှတ်ထားလျက်ရှိသည့် ဥပဒေဖြစ်သည်။ တရားစွဲ၊ ပြစ်ဒဏ်ချမှတ်ခံရသော နိုင်ငံရေးအကျဉ်းသားများကို ကိုယ် စားပြုသည့် မျှတမှုမရှိသော ဥပဒေသည် တိုင်းရင်းသား လူမျိုးစု များကို ဆန့်ကျင်ကာ ရက်စက်စွာ ခွဲခြားဆက်ဆံခြင်းဖြစ်သည်ကို ပြသလျက်ရှိသည်။

လယ်ယာမြေသိမ်းဆည်းခံခဲ့ရသော လယ်သမားများကို ဆန့်ကျင်ကာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၄၇ ကို လက်နက်တစ်ခုအဖြစ် ဆက်လက် အသုံးပြုလျက်ရှိသည်။ ယခုလတွင် လယ်သမားတစ်ရာကျော်သည် တရားရင်ဆိုင်နေရပြီး မတ္တရာမြို့နယ်မှ လယ်သမား ၁၀၅ ဦးသည်လည်း ပိုင်နက်ကျူးလွန်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၄၄၇ အပါအဝင် အမျိုးမျိုးသော ပုဒ်မများဖြင့် ဒဏ်ငွေ ပေးဆောင်ခဲ့ရသည်။ အနည်းငယ်မျှသော ဒဏ်ငွေသည် တရားသူကြီး၏ ထောက်ထားမှုအဖြစ် ေ တွ့မြင်ရသော်လည်း အငြင်းပွားဖွယ် လယ်ယာမြေအရေး၏ စားစာခံများကို အပြစ်ပေးရန် တရားဥပဒေကို လွဲမှားစွာ အသုံးပြုနေသည်ကို ထိုအခြင်းအရာမှ ပြသဆဲဖြစ်သည်။ ထို့ကြောင့် လယ်ယာမြေအရေးနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုရှိသော ဥပဒေရှိရန် လွန်စွာ လိုအပ်လျက်ရှိ သည်။ ဇွန်လ ၃၀ ရက်နေ့တွင် အစိုးရ၏ သိမ်းဆည်းခံ လယ်ယာမြေများနှင့် တစ်ခြားမြေများ ပြန်လည် စိစစ်ရေး ဗဟိုကော်မတီသည် ခြောက်လအတွင်း လယ်ယာမြေသိမ်းဆည်းခံရသော အမှုများအားလုံးကို ဖြေရှင်းရန် ရည်မှန်းထားသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

ဥပဒေများစွာဖြင့် ငြိမ်းချမ်းစွာ ကွဲလွဲသူများနှင့် လွတ်လပ်စွာ ပြောဆိုခွင့်ကို ပြစ်မှုအဖြစ် ဆက်လက် အသုံးပြုလျက်ရှိသောကြောင့် နိုင်ငံ၏ ခေတ်နောက်ကျလျက်ရှိသော ဥပဒေကို ပြုပြင်ပြောင်းလဲရန် တိုက်တွန်းပါသည်။ အစိုးရသစ်သည် လွှတ်တော်တွင် "နိုင်ငံရေး အကျဉ်းသား " နှင့် "နိုင်ငံ ရေးပြစ်မှု " ဝေါဟာရများကို တရားဝင်အသိအမှတ်ပြုရန်နှင့် ဆွေးနွေးရန် ရှောင်ကြဉ်ခဲ့ပြီး ဥပဒေနှင့်အညီ ဆန္ဒပြခြင်းအတွက် အရေးယူခံရသူများကို နိုင်ငံရေး အကျဉ်းသားအဖြစ် သတ်မှတ်မည်ဟု အစိုးရမှ ညွှန်းဆို ပြောကြားခဲ့သည်။ နိုင်ငံရေး အကျဉ်းသားများ ကူညီ စောင့် ရှောက်ေ ရးအသင်း (AAPP) နှင့် နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့ (FPPS) တို့မှ တိုင်းရင်းသား လက် နက်ကိုင် အဖွဲ့များနှင့် ဆက်သွယ်သည်ဟု စွပ်စွဲခံရကာ တရားစွဲခံရသူများ၊ ပြစ်ဒဏ်ချမှတ်ခံရသူများနှင့် အငြင်းပွားဖွယ် လယ်ယာမြေအရေးနှင့် ပတ်သက်ပြီး ပိုင်နက်ကျူးလွန်ခြင်းအတွက် တရားစွဲ၊ ပြစ်ဒဏ်ချမှတ်ခံထားရသော လယ်သမားများသည် ထိုအမြင်ကျဉ်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် မပါဝင်သည်ကို မေးခွန်းထုတ်ခဲ့သည်။ ထိုစွဲချက်များသည် နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဇူလိုင်လ ၂ ရက်နေ့တွင် AAPP နှင့် FPPS တို့သည် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ် အောင်ဆန်းစုကြည်ထံသို့ အိတ်ဖွင့်ပေးစာတစ်စောင်ပေးပို့ခဲ့ပြီး "နိုင်ငံရေး အကျဉ်းသား " ဝေါဟာရကို အရေးပေါ် (အဆောတလျင်) အဓိပ္ပါယ် သတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်။ ကျန်ရှိနေသော နိုင်ငံရေး အကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရေးသည် အစိုးရသစ်အတွက် ဦးစားပေးတစ်ရပ်ဖြစ်သည်။ အမျိုးသား ပြန်လည် သင့်မြတ်ရေးအတွက် အကျိုးရလဒ်များရရှိနိုင်ရန် နိုင်ငံရေး အကျဉ်းသားအားလုံး တရားဝင် အသိအမှတ်ပြုမှု ရရှိရေးသည် အရေးကြီးပြီး အငြင်းပွားဖွယ် လယ်ယာမြေအရေးနှင့် ပတ်သက်ပြီး ပိုင်နက် ကျူးလွန်မှုအတွက် တရား စွဲဆိုခံခဲ့ရသော လယ်သမားများ၊ မတရားအသင်းနှင့် ဆက်သွယ်မှုအတွက် ထိန်းသိမ်းခံထားရသော တိုင်းရင်းသားများအပါအဝင် နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးနှင့် အသိအမှတ်ပြုမှုရရှိရေးတို့သည်လည်း အရေးကြီးသည်။

ယခုလတွင် မတရားထိန်းသိမ်းခံထားရမှုများ၊ ခြိမ်းခြောက်မှုများနှင့် တစ်ခြား လူ့အခွင့်အရေး ချိုးဖောက်မှုများ များစွာရှိခဲ့သည်။ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုများ ဆက်လက်ကျူးလွန်နေခြင်းကြောင့် အစိုးရမှ ညှဉ်းပန်း နှိပ်စက်မှုကို ဆန့်ကျင်သော စာချုပ် (CAT) ကို လက်မှတ်ထိုးရန် လိုအပ်ပါသည်။

နိုင်ငံချုပ်အနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စယန်ဟီးလီသည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး နိုင်ငံတွင်း လူ့အခွင့်အရေး အခြေအနေများနှင့် ပတ်သက်၍ ဒီမိုကရေစီ အစပျိုးမှုတွင် တိုးတက်မှုအတွက် လူ့အခွင့်အရေးများကို ဦးစားပေးတစ်ခုအဖြစ် ဖန်တီး ဆောင်ရွက်လျက်ရှိသည်ကို အသိအမှတ်ပြုခဲ့သည်။ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဆက်လက် ပြုလုပ်နိုင်ရန်အတွက် အကြမ်းဖက်မှု၊ ခေါင်းပုံဖြတ်မှုနှင့် ဒဏ်ခတ်မခံရမှုတို့ အဆုံးသတ်ရန် နိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ၊ ဥပဒေရေးရာနှင့် မူဝါဒဆိုင်ရာ မူဘောင်တွင်း လူ့အခွင့်အရေးများကို ထည့်သွင်းရန် မရှိမဖြစ် လိုအပ်ပါသည်။

# အရေးပါသော ဆက်စပ်သတင်းများ ဖတ်ရန် Links

## ဇူလိုင်လ ၁ ရက်

ရွှေဝါရောင်တော်လှန်ရေး ဦးဆောင်သူတစ်ဦး လွတ်မြောက်၊ Asian Correspondent
ရွှေဝါရောင်တော်လှန်ရေး ဦးဆောင်သူတစ်ဦး လွတ်မြောက်၊ မဇ္ဈိမ/မြန်မာ
ရွှေဝါရောင်တော်လှန်ရေး ဦးဆောင်သူတစ်ဦး လွတ်မြောက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
ရွှေဝါရောင်တော်လှန်ရေး ဦးဆောင်သူတစ်ဦး လွတ်မြောက်၊ ဘီဘီစီ/မြန်မာ
ရွှေဝါရောင်တော်လှန်ရေး ဦးဆောင်သူတစ်ဦး လွတ်မြောက်၊ ဗွီအိုအေ/မြန်မာ
ရွှေဝါရောင်တော်လှန်ရေး ဦးဆောင်သူတစ်ဦး လွတ်မြောက်၊ ဗွီအိုအေ/မြန်မာ
ရွှေဝါရောင်တော်လှန်ရေး ဦးဆောင်သူတစ်ဦး လွတ်မြောက်၊The Voice/မြန်မာ

## ဇူလိုင်လ ၄ ရက်

ဒေါ်အောင်ဆန်းစုကြည်အား လူ မှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်း အတွက် စီမံကိန်းဦးစီးဌာန ဒုတိယ ဦးစီးမှူး တရားစွဲဆိုခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာဒေါ်အောင်ဆန်းစုကြည်အား လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်းအတွက် စီမံကိန်းဦးစီးဌာန ဒုတိယ ဦးစီးမှူး တရားစွဲဆိုခံရ၊ အီလဲဗင်း/မြန်မာ

နေပြည်တော် လယ်သမားနှစ်ဦးအား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေး၊ အီလဲဗင်း/မြန်မာ

## ဇူလိုင်လ ၅ ရက်

ဒေါ်အောင်ဆန်းစုကြည်အား လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်းအတွက် စီမံကိန်းဦးစီးဌာန ဒုတိယ ဦးစီးမှူး တရားစွဲဆိုခံရ၊Channel News Asia

ဒေါ်အောင်ဆန်းစုကြည်အား လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်း အတွက် စီမံကိန်းဦးစီးဌာန ဒုတိယ ဦးစီးမှူး တရားစွဲဆိုခံရ၊ အီလဲဗင်း

နေပြည်တော် လယ်သမားနှစ်ဦးအား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေး၊ အီလဲဗင်း

## ဇူလိုင်လ ၆ ရက်

ဒေါ်အောင်ဆန်းစုကြည်အား လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်း အတွက် စီမံကိန်းဦးစီးဌာန ဒုတိယ ဦးစီးမှူး တရားစွဲဆိုခံရ၊မြန်မာတိုင်း

ဒေါ်အောင်ဆန်းစုကြည်အား လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်း အတွက် စီမံကိန်းဦးစီးဌာန ဒုတိယ ဦးစီးမှူး တရားစွဲဆိုခံရ၊ မဇ္ဈိမ

## ဇူလိုင်လ ၇ ရက်

ထောင်မှ လွတ်မြောက်လာပြီးနောက် ကန့်ဘလူ လယ်သမားတစ်ဦး ထပ်မံ တရားစွဲဆိုခံရ၊ အီလဲဗင်း/မြန်မာ

## ဇူလိုင်လ ၈ ရက်

ထွန်တုံးတိုက်ပွဲဝင်ခဲ့သော လယ်သမားများအား ဒဏ်ငွေချမှတ်၊ ဧရာဝတီ

ထွန်တုံးတိုက်ပွဲဝင်ခဲ့သော လယ်သမားများအား ဒဏ်ငွေချမှတ်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

ထွန်တုံးတိုက်ပွဲဝင်ခဲ့သော လယ်သမားများအား ဒဏ်ငွေချမှတ်၊ မဇ္ဈိမ/မြန်မာ

ထွန်တုံးတိုက်ပွဲဝင်ခဲ့သော လယ်သမားများအား ဒဏ်ငွေချမှတ်၊ အီလဲဗင်း/မြန်မာ

## ဇူလိုင်လ ၉ ရက်

ထွန်တုံးတိုက်ပွဲဝင်ခဲ့သော လယ်သမားများအား ဒဏ်ငွေချမှတ်၊ အီလဲဗင်း

## ဇူလိုင်လ ၁၁ ရက်

အစိုးရမှ ချင်းပြည်နယ်တောင်ပိုင်းညီလာခံအား ပိတ်ပင်BNI/မြန်မာ

## ဇူလိုင်လ ၁၂ ရက်

လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် ပတ်သက်ပြီး သတင်းရေးသားဖော်ပြခဲ့ခြင်းအတွက် အမျိုးသားသုံးဦး ပြစ်ဒဏ်ချမှတ်ခံရ၊ ဘီဘီစီ/မြန်မာ
လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် ပတ်သက်ပြီး သတင်းရေးသားဖော်ပြခဲ့ခြင်း အတွက် အမျိုးသားသုံးဦး ပြစ်ဒဏ်ချမှတ်ခံရ၊ ဒီဗွီဘီ/မြန်မာ
လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် ပတ်သက်ပြီး သတင်းရေးသားဖော်ပြခဲ့ခြင်း အတွက် အမျိုးသားသုံးဦး ပြစ်ဒဏ်ချမှတ်ခံရ၊ ဧရာဝတီ/မြန်မာ
လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် ပတ်သက်ပြီး သတင်းရေးသားဖော်ပြခဲ့ခြင်း အတွက် အမျိုးသားသုံးဦး ပြစ်ဒဏ်ချမှတ်ခံရ၊ အီလဲဗင်း/မြန်မာ
အစိုးရမှ ချင်းပြည်နယ်တောင်ပိုင်းညီလာခံအား ပိတ်ပင်BNI/မြန်မာ
အစိုးရမှ ချင်းပြည်နယ်တောင်ပိုင်းညီလာခံအား ပိတ်ပင်BNI

## ဇူလိုင်လ ၁၃ ရက်

တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ် ချမှတ်ခံရ၊ ဧရာဝတီ

တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ် ချမှတ်ခံရ၊ ဒီဗွီဘီ/မြန်မာ

တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ်ချမှတ်ခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ

တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ်ချမှတ်ခံရ၊ ဧရာဝတီ/မြန်မာ

တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ်ချမှတ်ခံရ၊ ဒီလဲဗင်း/မြန်မာ

တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ်ချမှတ်ခံရ၊ 7 Day Daily/မြန်မာ

ရက္ခိုင့်တပ်မတော်(AA)နှင့် ဆက်သွ ယ်ခြင်းအတွက် ရခိုင်အမျိုးသား သုံးဦးကို ပြစ်ဒဏ် ချမှတ်၊ ဒီဗွီဘီ

ရက္ခိုင့်တပ်မတော်(AA)နှင့် ဆက်သွယ်ခြင်းအတွက် ရခိုင်အမျိုးသား သုံးဦးကို ပြစ်ဒဏ် ချမှတ်၊ ဧရာဝတီ

ရက္ခိုင့်တပ်မတော်(AA)နှင့် ဆက်သွယ်ခြင်းအတွက် ရခိုင်အမျိုးသား သုံးဦးကို ပြစ်ဒဏ် ချမှတ်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## ဇူလိုင်လ ၁၄ ရက်

တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ်ချမှတ်ခံရ၊ မြန်မာတိုင်း

တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ်ချမှတ်ခံရ၊ မဇ္ဈိမ

တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ်ချမှတ်ခံရ၊ ဗွီအိုအေ/မြန်မာ

တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ်ချမှတ်ခံရ၊ The Voice/မြန်မာ

ရက္ခိုင့်တပ်မတော်(AA)နှင့် ဆက်သွယ်ခြင်းအတွက် ရခိုင်အမျိုးသား သုံးဦးကို ပြစ်ဒဏ်ချမှတ်၊ နိရဉ္စရာ

ရက္ခိုင့်တပ်မတော်(AA)နှင့် ဆက်သွယ်ခြင်းအတွက် ရခိုင်အမျိုးသား သုံးဦးကို ပြစ်ဒဏ်ချမှတ်၊ BNI/မြန်မာ

လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် ပတ်သက်ပြီး သ တင်းရေးသားဖော်ပြခဲ့ခြင်း အတွက် အမျိုးသားသုံးဦး ပြစ်ဒဏ်ချမှတ်ခံရ၊ ဧရာဝတီ

လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် ပတ်သက်ပြီး သတင်းရေးသားဖော်ပြခဲ့ခြင်း အတွက် အမျိုးသားသုံးဦး ပြစ်ဒဏ်ချမှတ်ခံရ7 Day Daily/မြန်မာ

အစိုးရမှ ချင်းပြည်နယ်တောင်ပိုင်းညီလာခံအား ပိတ်ပင်BNI

## ဇူလိုင်လ ၁၅ ရက်

အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့ စည်းခြင်းအပေါ် နိုင်ငံရေး လေ့လာသုံးသပ်သူများမှ စိုးရိမ်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့ စည်းခြင်းအပေါ် နိုင်ငံရေး လေ့လာသုံးသပ်သူများမှ စိုးရိမ်၊ ဗွီအိုအေ/မြန်မာ

အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့ စည်းခြင်းအပေါ် နိုင်ငံရေး လေ့လာသုံးသပ်သူများမှ စိုးရိမ်၊ ဧရာဝတီ/မြန်မာ

အရေးပေါ်ကာလ စီမံ ခန့်ခွဲရေးဗဟိုကော်မတီဖွဲ့ စည်းခြင်းအပေါ် နိုင်ငံရေး လေ့လာသုံးသပ်သူများမှ စိုးရိမ်၊ မဇ္ဈိမ/မြန်မာ

အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့ စည်းခြင်းအပေါ် နိုင်ငံရေး လေ့လာသုံးသပ်သူများမှ စိုးရိမ်၊ ဒီလဲဗင်း/မြန်မာ

## ဇူလိုင်လ ၁၆ ရက်

ရက္ခိုင့်တပ်မတော်(AA)နှင့် ဆက်သွယ်ခြင်းအတွက် ရခိုင်အမျိုးသား သုံးဦးကို ပြစ်ဒဏ်ချမှတ်၊ မဇ္ဈိမ

အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့ စည်းခြင်းအပေါ် နိုင်ငံရေး လေ့လာသုံးသပ်သူများမှ စိုးရိမ်၊ မဇ္ဈိမ

အရေးပေါ်ကာလ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့ စည်းခြင်းအပေါ် နိုင်ငံရေး လေ့လာသုံးသပ်သူများမှ စိုးရိမ်၊ ဒီလဲဗင်း

## ဇူလိုင်လ ၁၈ ရက်

ကရင်အမျိုးသားအစည်းအရုံး (KNU) မြေယာမူဝါဒ ရှင်းလင်းပွဲ ပြည်နယ်အစိုးရ ခွင့်မပြု၊ ဧရာဝတီ

ကရင်အမျိုးသားအစည်းအရုံး (KNU) မြေယာမူဝါဒ ရှင်းလင်းပွဲ ပြည်နယ်အစိုးရ ခွင့်မပြု၊ လွတ်လပ်သော အာရှအသံ/မြန်မာ

လားရှိုးတွင် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း စစ်တပ်မှ ဝန်ခံ၊ ဧရာဝတီ

လားရှိုးတွင် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း စစ်တပ်မှ ဝန်ခံ၊ ရှမ်း

## ဇူလိုင်လ ၁၉ ရက်

လားရှိုးတွင် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း စစ်တပ်မှ ဝန်ခံ၊ မဇ္ဈိမ

## ဇူလိုင်လ ၂၀ ရက်

မဒီးယားနာပရာရွာမှရွာသားတစ်ဦးအား နယ်ခြားစောင့်ရဲတပ်ဖွဲ့ ဖမ်းဆီး၊ BNI

လားရှိုးတွင် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း စစ်တပ်မှ ဝန်ခံ၊ ဧရာဝတီ

လားရှိုးတွင် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း စစ်တပ်မှ ဝန်ခံ၊ ဒီဗွီဘီ

လားရှိုးတွင် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း စစ်တပ်မှ ဝန်ခံ၊ ဘီဘီစီ/မြန်မာ

လားရှိုးတွင် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း စစ်တပ်မှ ဝန်ခံ၊ လွတ်လပ်သော အာရှအသံ/မြန်မာ

*လားရှိုးတွင် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း စစ်တပ်မှ ဝန်ခံ၊ မဇ္ဈိမ/မြန်မာ*

## ဇူလိုင်လ ၂၁ ရက်

*ပြစ်ဒဏ်ထက်ဝက်လျှော့ချပေးပြီးနောက် ဘီဘီစီသတင်းထောက် ထောင်မှ လွတ်၊ ဒီဗွီဘီ*

*ပြစ်ဒဏ်ထက်ဝက်လျှော့ချပေးပြီးနောက် ဘီဘီစီသတင်းထောက် ထောင်မှ လွတ်၊ ဒီဗွီဘီ/မြန်မာ*

*ပြစ်ဒဏ်ထက်ဝက်လျှော့ချပေးပြီးနောက် ဘီဘီစီသတင်းထောက် ထောင်မှ လွတ်၊ မဇ္ဈိမ/မြန်မာ*

*ပြစ်ဒဏ်ထက်ဝက်လျှော့ချပေးပြီးနောက် ဘီဘီစီသတင်းထောက် ထောင်မှ လွတ်၊ ဘီဘီစီ/မြန်မာ*

*ပြစ်ဒဏ်ထက်ဝက်လျှော့ချပေးပြီးနောက် ဘီဘီစီသတင်းထောက် ထောင်မှ လွတ်၊ လွတ်လပ်သော အာရှအသံ/မြန်မာ*

*လားရှိုးတွင် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း စစ်တပ်မှ ဝန်ခံ၊ မြန်မာတိုင်း*

*လားရှိုးတွင် အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း စစ်တပ်မှ ဝန်ခံ၊ ဧရာဝတီ/မြန်မာ*

## ဇူလိုင်လ ၂၂ ရက်

*ပြစ်ဒဏ်ထက်ဝက်လျှော့ချပေးပြီးနောက် ဘီဘီစီသတင်းထောက် ထောင်မှ လွတ်၊ မြန်မာတိုင်း/မြန်မာ*

*ပြစ်ဒဏ်ထက်ဝက်လျှော့ချဆေးပြီးနောက် ဘီဘီစီသတင်းထောက် ထောင်မှ လွတ်၊ မြန်မာတိုင်း*

*ပြစ်ဒဏ်ထက်ဝက်လျှော့ချပေးပြီးနောက် ဘီဘီစီသတင်းထောက် ထောင်မှ လွတ်၊ မဇ္ဈိမ*

## ဇူလိုင်လ ၂၅ ရက်

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်းအား ဖမ်းဆီး၊ မဇ္ဈိမ/မြန်မာ*

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်းအား ဖမ်းဆီး၊ အီလဲဗင်း/မြန်မာ*

## ဇူလိုင်လ ၂၆ ရက်

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်းအား ဖမ်းဆီး၊ ဧရာဝတီ/မြန်မာ*

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်းအား ဖမ်းဆီး၊ မဇ္ဈိမ/မြန်မာ*

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်းအား ဖမ်းဆီး၊ BNI/မြန်မာ*

*သမိုင်းဝင် ပင်လုံမြို့၌ တိုင်းရင်းသား လူငယ် ညီလာခံ စတင်BNI*

*သမိုင်းဝင် ပင်လုံမြို့၌ တိုင်းရင်းသား လူငယ် ညီလာခံ စတင်BNI/မြန်မာ*

*ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမားများအား တရားစွဲ၊ လွတ်လပ်သော အာရှအသံ*

*ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမားများအား တရားစွဲ7 Day Daily/မြန်မာ*

*ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမားများအား တရားစွဲ၊ လွတ်လပ်သော အာရှအသံ/မြန်မာ*

## ဇူလိုင်လ ၂၇ ရက်

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်းအား ဖမ်းဆီး၊ အီလဲဗင်း/မြန်မာ*

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်အား ဖမ်းဆီး၊ ဒီဗွီဘီ/မြန်မာ*

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်းအား ဖမ်းဆီး၊ မဇ္ဈိမ/မြန်မာ*

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်းအား ဖမ်းဆီး၊ အီလဲဗင်း*

*ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ /ရှမ်းပြည်တပ်မတော် (RCSS/SSA) မှ တအောင်းလူမျိုး တစ်ရာကျော်အား ဖမ်းဆီး၊ လွတ်လပ်သောအာရှအသံ/မြန်မာ*

*သမိုင်းဝင် ပင်လုံမြို့၌ တိုင်းရင်းသား လူငယ် ညီလာခံ စတင်၊ မဇ္ဈိမ*

*သမိုင်းဝင် ပင်လုံမြို့၌ တိုင်းရင်းသား လူငယ် ညီလာခံ စတင်၊ မြန်မာတိုင်း*

*သမိုင်းဝင် ပင်လုံမြို့၌ တိုင်းရင်းသား လူငယ် ညီလာခံ စတင်BNI/မြန်မာ*

*သမိုင်းဝင် ပင်လုံမြို့၌ တိုင်းရင်းသား လူငယ် ညီလာခံ စတင်၊ လွတ်လပ်သော အာရှအသံ/မြန်မာ*

*ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမားများအား တရားစွဲ၊ မဇ္ဈိမ*

## ဇူလိုင်လ ၂၈ ရက်

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်းအား ဖမ်းဆီး၊ ဒီဗွီဘီ*

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံပဟောင်းအား ဖမ်းဆီး၊ ဧရာဝတီ*

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံဟောင်းအား ဖမ်းဆီး၊ BNI*

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံဟောင်းအား ဖမ်းဆီး၊ နိုရွှေရာ*

*အသရေဖျက်ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံဟောင်းအား ဖမ်းဆီး၊ BNI/မြန်မာ*

*တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ်ချမှတ်ခံရ၊ အီလဲဗင်း/မြန်မာ*

*သမိုင်းဝင် ပင်လုံမြို့၌ တိုင်းရင်းသား လူငယ် ညီလာခံ စတင်BNI*

ဇူလိုင်လ ၂၉ ရက်

*တရားရုံးအား မထီမဲ့မြင်ပြုမှုဖြင့် စစ်ကိုင်း ဆန္ဒပြအလုပ်သမားများ ပြစ်ဒဏ်ချမှတ်ခံရ၊ အီလဲဗင်း*

*အစိုးရမှ ရာပေါင်းများစွာသော အမည်များကို အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ ဧရာဝတီ*

*အစိုးရမှ ရာပေါင်းများစွာသော အမည်များကို အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ ဗားမားနက်*

*ခရိုင်တရားရုံးမှ တက်ကြွလှုပ်ရှားသူများ၏ အယူခံအား ပယ်ချ၊ မြန်မာတိုင်း*

ဇူလိုင်လ ၃၀ ရက်

*ပိုင်နက်ကျူးလွန်ခြင်းအတွက် မိသားစုတစ်စု တရားစွဲဆိုခံရ၊ ဧရာဝတီ/မြန်မာ*

ဇူလိုင်လ ၃၁ ရက်

*မိုင်းနင်းမိ၍ ရွာသားနှစ်ဦးသေဆုံး၊ လွတ်လပ်သော အာရှအသံ/မြန်မာ*

ဩဂုတ်လ ၁ ရက်

*သမိုင်းဝင် ပင်လုံမြို့၌ တိုင်းရင်းသား လူငယ် ညီလာခံ စတင်၊ မြန်မာတိုင်း*

*အစိုးရမှ ရာပေါင်းများစွာသော အမည်များကို အမည်ပျက်စာရင်းမှ ဖယ် ရှားပေး၊ ဧရာဝတီ/မြန်မာ*

ဆက်သွယ်မေးမြန်းရန်


နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)

ဦးတိတ်နိုင် အတွင်းရေးမှူး +၆၆ (၀) ၈၁ ၂၈၇၈ ၇၅၁
ဦးဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆ (၀) ၈၁ ၉၆၂၈ ၇၁၃